**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ / ဆဝ /၂၀၂၀( ၃၉၁ )

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်

သို့

ဦးညွန့်ဝင်း

အမှတ်(၆၆၈)၊လှိုင်ရတနာလမ်း၊(၁၂)ရပ်ကွက်

မီးခွက်ဈေး(စနေမ)၅ထပ်၊မိုးကုတ်ရိပ်သာရှေ့

လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့

အကြောင်းအရာ။ **သံဝရ အမှတ်တံဆိပ် လေနိုင်ချက်ဆေး(ချက်ဆေး)အား ဒုတိယအကြိမ် ဓါတ်ခွဲရန် အကြောင်းကြားခြင်း။**

၁။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) လျှောက်ထားသောဆေးများအား သက်ဆိုင်ရာဆေးသက်တမ်းများအလိုက် သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ သုတေသနဓာတ်ခွဲခန်း၌ Shelf Life စစ်ဆေးရာတွင် သံဝရ အမှတ်တံဆိပ် လေနိုင်ချက်ဆေး (ချက်ဆေး)၏ ထုတ်လုပ်ရက်စွဲမှာ (၂-၂-၂၀၁၉) ဖြစ်ပြီးသက်တမ်းကုန်ရက်စွဲမှာ (၂-၂-၂၀၂၀) ဖြစ်၍ ဆေးသက်တမ်း (၁)နှစ်ဖြစ်သော်လည်း (၃-၁-၂၀၂၀)ရက်နေ့တွင် (၁၁)လပြည့်ဆေးသက်တမ်း စစ်ဆေးရာ၌ မှိုများပေါက်နေကြောင်းတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါဆေး၏ ဆေးသက်တမ်းအား ထပ်မံစစ်ဆေးနိုင်ရန်အတွက် ဆေးနမူနာ(၂၄)ဘူးနှင့်တကွ ပိုင်ရှင်(သို့)ကြီးကြပ်သူမှ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ဒုတိယအကြိမ် ဓါတ်ခွဲစစ်ဆေးနိုင်ရန် အကြောင်းကြားပါသည်။

၃။ ဤစာထုတ်ပြန်သည့် နေ့ရက်မှစတင်၍ (၃)လအတွင်း သက်ဆိုင်ရာ လိုအပ်ချက်များကို ပေးပို့ဆောင်ရွက်ရန် နှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး (၃/၂၀၁၉) ဆုံးဖြတ်ချက် အရ **(၆)လအတွင်း ပေးပို့ဆောင်ရွက်ခြင်းမပြုပါက ပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါက မှတ်ပုံတင်/လိုင်စင်များပျက်ပြယ်ကြောင်း ကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဒေါက်တာမြင့်မြင့်သန်း၊ ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်))

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊တိုင်းရင်းဆေးပညာဦးစီးဌာန

တိုင်းဒေသကြီးဦးစီးဌာနမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

ရုံးလက်ခံ/မျှောစာတွဲ